# နွေဦးအသံ

the voice of spring

2.6.2021 · Wednesday · No . 58 · Daily News Pamphlet

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို မူလထားရှိသော နေအိမ်များမှ အတိအကျ မသိရသော နေရာတခုသို့ စစ်အုပ်စုက ရွှေ့ပြောင်းထားသဖြင့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးကို အထူးစိုးရိမ်ကြောင်း NUG ထုတ်ပြန်

သတင်းတို

ရင်းမြစ် - NUG မှ

## လက်နက်အားကိုးဖြင့် ပြည်သူများကို သားစဉ်မြေးဆက် စစ်ကျွန်ပြုရန် ဆောင်ရွက်နေသည့် စစ်ဗိုလ်ချုပ်တစု၏ ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူနှင့်အတူရပ်တည်၍ အရေးတော်ပုံကြီး၌ အစွမ်းကုန်ပါဝင်ဆင်နွှဲကြခြင်းဖြင့် သမိုင်းမော်ကွန်းထိုးကြပါရန် တပ်မတော်သားများကို NUG ကာကွယ်ရေးဝန်ကြီးဌာနမှ တိုက်တွန်း


သတင်းတို

ရင်းမြစ် - NUG မှ

## နိုင်ငံအနှံ့၌ သပိတ်စစ်ကြောင်းများကို လူအင်အားပိုမိုအားကောင်းစွာ အရှိန်မြှင့်တင် ပြုလုပ်ခဲ့ကြ










ဇွန်လ(၁)ရက်၊ လူအင်အားထောင်ချီသောမုံရွာမြို့ ရွာပေါင်းစုံသပိတ်နှင့် ရန်ကုန်မြို့၊ စမ်းချောင်း၊ ဥစျေး၌ ပြုလုပ်ခဲ့သည့် တပ်ပေါင်းစုပြောက်ကြားသပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ- **CJ** )

## နိုင်ငံတကာရှေ့မှောက်၌ သက်သေပြု လက်မှတ်ရေးထိုးပြီး အမြင့်ဆုံးဥပဒေပြုလွှတ်တော်က အသိအမှတ်ပြုခဲ့ခြင်းကြောင့် NCA စာချုပ် မပျက်ပြယ်သော်လည်း တရားမဝင် အကြမ်းဖက်စစ်အုပ်စုနှင့် နိုင်ငံရေးဆွေးနွေးမှု ဆက်လက်ပြုလုပ်မည်မဟုတ်ဟု အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောကြား

သတင်းတို

ရင်းမြစ် - RFA မှ

## မကွေး၊ ပေါက်မြို့နယ်ရှိ အမှတ်(၂၄)၊ကာကွယ်ရေးပစ္စည်းစက်ရုံကို မေ(၃၁)ရက်က ပေါက် PDF က တိုက်ခိုက်ခဲ့

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## မေ(၃၁)၊ ဒီးမော့ဆို၊ ကုန်းသာရွာတိုက်ပွဲ၌ စစ်အုပ်စု (၈၀)ကျော်သေဆုံးပြီး KNDF မှ (၁)ဦးသာ ကျဆုံးခဲ့

သတင်းတို

ရင်းမြစ် - ခေတ်သစ် မှ

## မြန်မာပြည်သူများဖက်စီးရေး စစ်အုပ်စုခေါင်းဆောင်များကို ပြင်းထန်စွာ ဖိအားပေးရန် ကမ္ဘာ့ထင်ရှားပုဂ္ဂိုလ်ကြီးများအဖွဲ့ The Elders က နိုင်ငံတကာကိုတိုက်တွန်း

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၁)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၁ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၅၇၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၁ ဦး

ရင်းမြစ် - အေအေပီပီမှ

the voice of spring
2.6.2021 · Wednesday · No . 58 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၁)ရက်၊ ၂၀၂၁



- မုံရွာ၌ မေ(၃၁)ရက်၊ နေ့လယ်ပိုင်းက စစ်ဘေးရှောင် ပြည်သူများကို ကူညီနေသည့် မုံရွာခရိုင် ဗကသအဖွဲ့ဝင် မဖူးသိမ့်သိမ့်တုန်ကို မြို့လယ်အိုးရှင်းစင်တာ ဆိုင်ကယ်ရပ်နားရာနေရာ၌ အိမ်စီးကားနှစ်စီးဖြင့် စစ်အုပ်စုရှစ်ဦးက သေနတ်ထောက် ခြိမ်းခြောက်၍ ဖမ်းဆီးခဲ့ပြီး ဆိုင်ကယ်ကိုပါ လုယက်ခဲ့။
- ရောဂတီ၊ ကန်ကြီးထောင့်မြို့နယ်၊ မြို့မဈေး၌ အသွားအလာ ကန့်သတ်ထားသည့် နံနက်(၃)နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းပေါင်း (၁၇၅)ခန်းနှင့် ဈေးအနီးရှိ အိမ်သုံးလုံး မီးလောင်ပျက်စီးခဲ့ဟုသိရ။
- ရန်ကုန်၌ မြို့တွင်းတိုက်ပွဲဖြစ်ပါက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို စားနပ်ရိက္ခာ၊ ရေနှင့် ဆေးဝါးပစ္စည်းများ ကူညီရန်၊ အရေးပေါ် ဆေးကုသမှုပေးရန်အတွက် ပြည်သူ့ထောက်ပံ့ရေးအဖွဲ့ - People Supply Force (ရန်ကုန်) ကို ဖွဲ့စည်းပြီးကြောင်းသိရ။
- ပူတာအိုလေဆိပ်အား နံနက်(၄)နာရီခန့်က KIA က လက်နက်ကြီးနှင့် သုံးချက်ပစ်ခတ်ခဲ့ရာ တလုံးသာ ပေါက်ကွဲပြီး ထိခိုက်မှုမရှိ။
- မွန်၊ သိမ်ဇရပ်မြို့၊ ဆင်ဖြူတော်ဘုန်းကြီးကျောင်းအနီး တပ်စွဲထားသည့် စစ်အုပ်စုကို ဒေသခံ PDF က မေ(၃၁)ရက်၊ နေ့လယ်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်အုပ်စု (၂)ဦး သေဆုံးပြီး (၂)ဦး ဒဏ်ရာရရှိခဲ့။
- မန္တလေး၊ တံခွန်တိုင်ဈေးအနီး အ.ထ.က ကျောင်း၌ လုံခြုံရေးယူထားသည့် စစ်အုပ်စုကို နေ့လယ်ပိုင်းက အိမ်စီးကားတခုပေါ်မှ သေနတ်နှင့် (၁၀)ချက်ခန့် ပစ်ခတ်သဖြင့် စစ်ကျွန်စစ်သားတဦး သေဆုံးကာ ရဲသားတဦး ဒဏ်ရာရရှိခဲ့ဟုသိရ။
- ဂန့်ဂေါ၌ ဖောက်ခွဲရေးပစ္စည်းများ သယ်၍ ပြန်လာသည့် စစ်ကျွန်ဝန်ထမ်းကားတစီးကို ရဲရွာလုလမ်းခွဲ၌ ယောကာကွယ်ရေးအဖွဲ့က စစ်ဆေးရန်တားဆီးရာ မရပ်ပေးဘဲ တိုက်ခိုက်သဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကားပေါ်ပါလာသူ(၅)ဦးသေဆုံးပြီး တဦးဒဏ်ရာရရှိခဲ့။
- ကသာမြို့၊ မဲဟင်းရွာတွင် ဒေသခံ PDF နှင့် စစ်အုပ်စုတို့ မေ(၃၁)ရက်၊ ညပိုင်းက ပစ်ခတ်မှု ဖြစ်ပွားရာ စစ်အုပ်စုဘက်မှ (၅)ဦး သေဆုံးကာ (၁၀)ဦး ဒဏ်ရာရရှိခဲ့ဟုသိရ။
- မြင်းခြံ၊ ကျောင်းဖြူကန်ရွာ၊ ဘို့ရွာတို့၌ စစ်အုပ်စုက အင်အား(၅၀)ခန့်ဖြင့် ဝင်ရောက်စီးနင်းသဖြင့်ရွာခံများ ထွက်ပြေးနေရ။
- လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်ရှိ PPP ပါတီဝင်ဒလံဟု နာမည်ကြီးသူ ဦးစိုင်းလင်းဇော်(ခ)လင်းလင်းမှာ ခိုင်ရွှေဝါလမ်းနှင့် အနော်ရထာ လမ်းထောင့်၌ သေနတ်နှင့် ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့ဟုသိရ။
- ကလေးမြို့နယ်၊ သာစည်ကျေးရွာ၌ စစ်အုပ်စု သတင်းပေးဟု နာမည်ထွက်နေသည့် ကိုပွားကြီးနှင့် ကိုရဲဝင်းတို့ ဆိုသူနှစ်ဦးကို နံနက်ပိုင်းက ဓားဒဏ်ရာများနှင့် သေဆုံးလျက်ရှိကြောင်း တွေ့ရှိခဲ့ဟုသိရ။
- အင်းစိန်အကျဉ်းထောင် ထွက်ပေါက်အနီး၊ ဆိုက်ကားဂိတ်အနား၌ မေ(၃၁)ရက်၊ ည(၈)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ထိခိုက်သူ မရှိဟုသိရ။
- မရမ်းကုန်း၊ ရွှေထီးအိမ်ရာ၌ (၁)ရပ်ကွက် စစ်ကျွန် အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၏ ကားမှာ နံနက်(၄)နာရီခွဲခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး လူထိခိုက်မှုမရှိဟုသိရ။
- ကျောက်ပန်းတောင်း၌ မေ(၃၁)ရက်၊ ည(၇)နာရီခန့်က မြို့နယ်လျှပ်စစ်ရုံးနှင့် ကြံ့ခိုင်ရေးပါတီရုံးအနီးတွင် တကြိမ်၊ မြို့ပတ်လမ်းဟောင်းအနီးရှိ ဦးကြည်စိန်ဆိုသူ၏ နေအိမ်တွင် တကြိမ်နှင့် အ.ထ.က(၁)ကျောင်း အနီးရှိ ပြန်/ဆက်ရုံးအနီး၌ တကြိမ် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- သပိတ်မှတ်စု
- ရန်ကုန်၊ ဝွဈေး၊ လှည်းတန်း။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်ပင်လယ်၊ အောင်မြေသာစံ၊ ရတနာပုံ၊ တကသ၊ သံဃသမဂ္ဂ၊ အမရပူရ ပညာရေးမိသားစုများ။ မြင်းခြံ။ မိုးကုတ်။ ညောင်ဦး။ မုံရွာ။ ရွှေဘို၊ ဆိတ်ခွန်ကျေးရွာ။ အောင်လံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ စစ်ကိုင်း၊ တလိုင်းကျွန်း။ ဘုတလင်မြို့နယ်၊ ထန်းတော၊ ညောင်ကုန်းရွာ။ တန့်ဆည်။ မြိုင်။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြို၊ တီဇစ် ကျေးရွာများ။ မြိတ်။ ဖားကန့်မြို့၊ တာမခန်၊ အေးမြသာယာ။ ရှမ်း-ကျောက်မဲမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ် - မဇ္ဈိမ

## အောင်ခြင်းဂါထာ

တော်လှန်ရေးဟာ
အသွေးထဲက လာတယ်
အသားထဲက လာတယ်။

တော်လှန်ရေးဟာ
ခြိမ်းပြီးတော့ ရွာတယ်
မခြိမ်းဘဲလည်း ရွာတယ်။

ချည်ထားတဲ့ကြိုးတွေ
ဇွတ်တိုးပြီး ရုန်းခဲ့
ငါတို့မှာ
ထပ်ဆုံးရှုံးစရာမရှိတော့ပြီပဲ။

စစ်မိစ္ဆာရဲ့
အာဏာသံနဲ့
မလျော်မကန်
ရာဇမာန်ကို
တော်လှန်ရေးမှာ အဆုံးစီရင်မယ်။

**ဒေါင်းသွေး**

The Voice Of Spring Cartoon




**အရေးတော်ပုံ မုချ အောင်ရမည်**



ဇွန်လ(၁)ရက်၊ လူအင်အားရာချီပြီး မုံရွာမြို့၌ နေ့စဉ်မပြတ် ချီတက်နေသည့် သပိတ်စစ်ကြောင်းတခုကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

### နွေဦးစကား ဒို့ပြောကြား

"ပြည်သူတွေရဲ့ ကျိန်စာစူး၊ သစ္စာစူးနေတဲ့ မင်းတို့ တိုက်ပွဲတိုင်းမှာ အသေအရှုံးပဲရစေမယ်"